## ၉။ ပျပိုး

**Green Peach Aphids*: Myzus Persicae* (Sulzer, 1776)**

**Hemiptera: Aphididae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ငယ်သည် အစောပိုင်းတွင်အစိမ်းရောင်ရှိ၍ တဖြည်းဖြည်း အဝါရောင် သန်း လာသည်။ အကောင်ကြီးသည် စိမ်းဝါရောင်ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ဖျက်ဆီးခံထားရသော အပင်များတွင် စေးပျစ်ပျစ်ပုံသဏ္ဍာန်နှင့်အတူ အရောင်ဖျော့ပြီး အရွက်များတွန့်လိမ်ကောက်ကွေးသွားသည်။ ပျားရည်ချိုးက စစ်ထုတ်မှုကြောင့် ကြပ်ခိုးမှိုများ တိုးပွားလာပြီး အပင်ပုသွားသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၃-၄)ရက် |
| ပိုးမသည်အဆင့် | -(၅-၆)ရက် |
| အကောင်ကြီးအဆင့် | -(၁၂-၁၃)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)ခရမ်းချဉ်၊ဆလပ်၊ပြောင်းတို့ဖြင့်တွဲဖက်စိုက်ပျိုးပါ။

(၂)သင့်တော်သောပင်ကြားတန်းကြားအသုံးပြုစိုက်ပျိုးပါ။အပင်စိပ်စိပ်မစိုက်ပါနှင့်။

(၃) ရောဂါလံဝက်တွင်ဆပ်ပြာတစ်ဇွန်း၊ဆီတစ်ဇွန်းရောမွှေပက်ဖျန်းပါ။

(၄) တရုတ်နံနံ၊ကြက်သွန်ဖြူ၊စမုံစပါးပင်များအားတွဲဖတ်စိုက်ပျိုးပါ။

(၅)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)